# လူမှုဘဝပုံရိပ်များထင်ဟပ်နေသော မြန်မာကျေးလက်ကဗျာများ

မာမာဆွေ *

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် လူမှုဘဝပုံရိပ်များ ထင်ဟပ်နေသော မြန်မာကျေးလက်ကဗျာ များကိုတင်ပြထားခြင်းဖြစ်ပါသည်။ မြန်မာကျေးလက်နေပြည်သူတို့၏ အချစ်အလွမ်းခံစားမှု၊ ပျော်ရွှင်ကြည်နူးမှု၊ နေထင်စားသောက်မှု၊ စီးပွားကုန်သွယ်ရောင်းဝယ်မှုတို့ကို မြန်မာကျေးလက်ကဗျာများဖြစ်သော အိုင်ချင်း၊ ဗုံကြီးသံ၊ လွမ်းချင်း၊ တျာချင်း စသောတေးကဗျာအသီးသီးမှ ထုတ်နုတ်လေ့လာ တင်ပြထားပါသည်။

**သော့ချက်စကားလုံးများ**–ကျေးလက်ကဗျာများ၊ ကျေးလက်ပြည်သူ၊လူမှုဘဝပုံရိပ်။

## နိဒါန်း

မြန်မာကျေးလက်နေပြည်သူတို့၏ လူမှုဘဝပုံရိပ်များသည် ကျေးလက်တေးကဗျာများတွင် တွေ့ရမည်ဖြစ်ပါသည်။ မိမိလူမျိုးတို့၏အစဉ်အလာယဉ်ကျေးမှု အမွေအနှစ်များကို ထိုကျေးလက်တေးကဗျာ များတွင်တွေ့ရ၍ စုဆောင်းထိန်းသိမ်းသင့်သောကဗျာများဖြစ်ပါသည်။ မြန်မာကျေးလက်ကဗျာများတွင်တွေ့ရသော အဖွဲ့အနွဲ့များသည် တိုတိုနှင့်လိုရင်းကိုထိမိစွာရေးဖွဲ့နိုင်စွမ်းရှိပါသည်။ ထိုသို့ရေးဖွဲ့ရာတွင် မြန်မာလူမျိုးတို့နေထိုင်ရာဖြစ်သည့် ကျေးလက်ဒေသရှိ ကျေးလက်နေပြည်သူတို့၏ လူမှုဘဝပုံရိပ်များ ကိုပေါ်လွင်အောင် အဓိကထား၍ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ကျေးလက်နေ ပြည်သူတို့၏လူမှုဘဝပုံရိပ်များဖြစ်သော အချစ်အလွမ်း ခံစားမှုကိုဖော်ကျူးသည့် အိုင်ချင်းကဗျာများ၊ ပျော်ရွှင်ကြည်နူးမှုကိုဖော်ကျူးသည့် ဗုံကြီးသံကဗျာများ၊ နေထိုင်စားသောက်မှုကို ဖော်ကျူးသည့် လွမ်းချင်းကဗျာများ၊ စီးပွားကုန်သွယ်ရောင်းဝယ်မှုကိုဖော်ကျူးသည တျာချင်းကဗျာများတွင် တွေ့မြင်ခွင့်ရမည်ဖြစ်ပါ သည်။ ဤကျေးလက်ကဗျာများသည် ကျေးလက်နေပြည်သူတို့၏ လူမှုဘဝပုံရိပ်များကို မှတ်တမ်းတင် ဖော်ကျူးထားသောကဗျာများဖြစ်၍ စာပေနှင့်ယဉ်ကျေးမှုအတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမား လှပါသည်။

### မြန်မာကျေးလက်ကဗျာ၏ သဘော

မြန်မာအဘိဓာန်စာအုပ်တွင်“မြန်မာ”၏ အနက်အဓိပ္ပာယ်က “မြန်မာနိုင်ငံတွင် အစဉ်အဆက်နေထိုင်ခဲ့ ကြသော တိုင်းရင်းသားများကို ခြုံခေါ်သောအမည်” ဟုဖွင့်ဆိုထားပါသည်။ “ကျေးလက်”၏ အနက်အဓိပ္ပာယ်ကို “တောရွာ”၊“ကဗျာ”၏အဓိပ္ပာယ်ကို “စည်းမျဉ်းများနှင့်အညီ စာလုံးစာပိုဒ်အရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံအနေအထားစသည်ဖြင့် စီကုံးထားသောအဖွဲ့အနွဲ့” ဟုဖွင့်ဆိုဖော်ပြထားပါသည်။ (မြန်မာစာအဖွဲ့၊၁၉၉၁၊စာ၄၊၂၅၊၂၉၁)

ထို့ကြောင့်“မြန်မာကျေးလက်ကဗျာ” ဟူသည် “မြန်မာနိုင်ငံတွင် အစဉ်အလာနေထိုင်ခဲ့ကြသော တိုင်းရင်းသားတို့၏ တောရွာအကြောင်းကို ကာရန်အချိတ်အဆက်ဖြင့် စီကုံးဖွဲ့နွဲ့ထားသောအဖွဲ့အနွဲ့” ဟုအဓိပ္ပာယ်ကောက်ရမည်ဖြစ်ပါသည်။

* ကထိက၊ မြန်မာစာဌာန၊ ဟင်္သာတတက္ကသိုလ်

မြန်မာကျေးလက်ကဗျာများပါဝင်သော ကျောင်းသုံးသီချင်းပဒေသာ နိဒါန်းတွင်စုဆောင်းစီစဉ်သည့်ဆရာကြီးဦးဖိုးလတ်က

> မြန်မာလူမျိုးတို့သည် သဘာဝဓမ္မကို အလွန်လျှင်ချစ်မြတ်နိုးခဲ့ကြသည့် အတိုင်းတောတောင်မိုးတိမ်၊ ရာသီပန်းမန်၊ တိရစ္ဆာန်ကျေးငှက်စသည် တို့နှင့် ကျေးတော၊ တောင်တောတို့၌ ဘာသာဘာဝ မှျတလုပ်ကိုင်နေကြသောလူတို့၏ အကြောင်းများကိုအထူးတလည် သီချင်းငယ်တို့တွင်ဖွဲ့နွဲ့သီကုံးကြရာ

ဟုဆိုထားပါသည်။ (ဖိုးလတ်၊ ၁၉၅၁၊ စာ ၃)

မင်းယုဝေက မင်းသုဝဏ်၏ ကျေးတောကဗျာများဆောင်းပါးတွင်

> ရှေးခေတ် ကဗျာလောကတွင် ရှေးလူတို့ဖွဲ့ဆိုခဲ့သော အိုင်ချင်းများ၊ တျာချင်းများ၊ လွမ်းချင်းများ၊ ဗုံကြီးသံများ၊ ကောက်စိုက်သံများ၊ မောင်းထောင်းကဗျာ စသည်တို့ကို ကျေးတောကဗျာများဟု ခေါ်ကြသည်။ ဤသို့ခေါ်ကြခြင်းမှာ ထိုကဗျာတို့တွင် ကျေးတောနေလူအများစု ဘဝအခြေအနေနှင့် ဓလေ့အမူအရာတို့ အဓိကပါဝင်နေသောကြောင့်ဖြစ်သည်။ (တိုက်စိုးနှင့်မင်းယုဝေ၊ ၂၀၀၅၊ စာ ၁၁၃)

ဟုဆိုထားပါသည်။

ထို့ကြောင့် မြန်မာကျေးလက်ကဗျာဟူသည် မြန်မာလူမျိုးတို့၏ ကျေးလက်ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် လူမှုဘဝပုံရိပ်များအကြောင်းကို ဖွဲ့နွဲ့သီဆိုခြင်းကို ဆိုလိုကြောင်း တွေ့ရပါသည်။

## လူမှုဘဝပုံရိပ်များထင်ဟပ်နေသော မြန်မာကျေးလက်ကဗျာများ

ကျေးလက်နေပြည်သူတို့၏ လူမှုဘဝတွင်ကြုံတွေ့ကြရသော အချစ်အလွမ်းခံစားမှု၊ ပျော်ရွှင်ကြည်နူးမှု၊ နေထိုင်စားသောက်မှု၊ စီးပွားကုန်သွယ်ရောင်းဝယ်မှုတို့ကို မြန်မာကျေးလက်ကဗျာများမှ ကောက်နုတ်၍ လေ့လာတင်ပြပါမည်။

### အချစ်အလွမ်းခံစားမှု

လူငယ်မောင်မယ်တို့၏ အချစ်အလွမ်းခံစားမှုတို့ကို "အိုင်ချင်း" ကဗျာများတွင် အများဆုံးတွေ့ရပါသည်။ ထိုကဗျာများမှနေ၍ လူငယ်မောင်မယ်တို့၏ အချစ်အလွမ်းခံစားမှုများကို လေ့လာတင်ပြထားပါသည်။

"အိုင်ချင်း" ကဗျာသည် မြန်မာမူ မြန်မာဟန်ပါသည့် ကျေးလက်ကဗျာတစ်မျိုးဖြစ်ပါသည်။ ကျေးလက်တောရွာများတွင် တွေ့ရှိရသည့်လူငယ်မောင်မယ်တို့၏ သဘာဝကိုအလွမ်း သဘောဖြင့်ဖွဲ့ဆိုထားသောမောင်ဘွဲ့သီချင်းတစ်မျိုးဖြစ်ပါသည်။

အရှင်ကုမာရ၏ ကဗျာအုတ်မြစ်စနစ်သစ်ကျမ်းတွင်

> အသံအိုင်အိုင်၊ အသံမြိုင်မြိုင်နှင့် မြန်မာဆန်ဆန်၊ သံပြိုင်သီဆိုရသော သီချင်းမျိုးဖြစ်သောကြောင့် အိုင်ချင်းဟုခေါ်သည်။

ဟုဖွင့်ဆိုထားပါသည်။ (ကုမာရ၊ ၁၉၇၇၊ စာ ၂၁၅-၂၁၆)

သို့ဖြစ်၍အသံအိုင်အိုင် အသံမြိုင်မြိုင်နှင့် မိန်းမများသာ မြန်မာဆန်ဆန် သံပြိုင်သီဆို ရသော အချင်းကဗျာမျိုးကို "အိုင်ချင်း" ဟုခေါ်ဆိုကြောင်း မှတ်ယူနိုင်ပါသည်။

ညောင်ရမ်းခေတ်တွင် လူငယ်မောင်မယ်တို့သည် အချစ်ရေး၌ ဂုဏ်ပကာသန ပစ္စည်းဥစ္စာတို့ကိုပဓာနမထားဘဲ မိမိတို့ဆန္ဒအလျောက်ချစ်သူကို လွတ်လပ်စွာရွေးချယ်ခွင့်ကိုသာလျှင် နှစ်သက်သဘောကျကြပါသည်။ ထိုခေတ်ကလူကြီးမိဘတို့သည် လူငယ်မောင်မယ်တို့၏ အချစ်ရေးတွင်ပါဝင်

စွက်ဖက်လိုကြသည်။ မိမိတို့ကြိုးဆွဲရာ ကစေလိုသော သဘောရှိကြသည်။ သို့သော်လူငယ်မောင်မယ်တို့သည် မိဘတို့အားပြန်လှန်ပြောဆိုခြင်း၊ မိမိထင်ရာကိုဇွတ်လုပ်ခြင်း မျိုးမရှိကြဘဲ၊ လူကြီးမိဘတို့၏ အလိုကျနေကြရသည်။ ဤသို့သော ခံစားချက်ကို တောင်တွင်းရှင်ငြိမ်းမယ်၏ သမက်လောင်းအိုင်ချင်းတွင်

"ကြင်ချင်းငယ်မှ ရည်တူ၊

ရှင်လူထွက်သစ်၊ ဆယ့်ခြောက်နှစ်က

ချစ်တဲ့သူကို၊ ကလူငယ်မှကလဲ

ချစ်ဖော်ကွဲရ၊ အသဲကနာ" (မြမြသန်း၊ ၁၉၈၄၊ စာ ၁၄)

ဟုရေးဖွဲ့ထားပါသည်။ ဤကဗျာတွင် မိန်းမပျိုလေးကိုယ်တိုင် ရွေးချယ်ထားသော ချစ်သူကိုလူကြီးမိဘများကမကြည်ဖြူကြပေ။အကြောင်းအမျိုးမျိုးပြကာတားဆီးကြပါသည်။ ထိုအခါမိမိချစ်သူကို စွန့်လွှတ်ရမည့်ဆဲဆဲတွင် အသည်းနာနာနှင့်ညည်းညူရှာပုံ၊ အချစ်ကြီးချစ်တတ်ပုံ၊အချစ်ရေးကိစ္စတွင် လေးလေးနက်နက်ထားပုံတို့ကို တွေ့ရပါသည်။

ထို့ပြင်ညောင်ရမ်းခေတ်တွင် မိန်းမပျိုလေးများသည် ငယ်စဉ်အခါကတည်းက ချစ်ကျွမ်းဝင်ခဲ့ရသော ချစ်သူမောင်အပေါ်ချစ်ခင်ကြင်နာပြီး၊ လွမ်းဆွတ်တမ်းတမှု၊ စိတ်ပူပန်မှုများဖြစ်နေရပါသည်။ သို့သော် ချစ်သူမောင်သည် မိန်းမပျိုလေးအပေါ်၌ ချစ်ခင်ကြင်နာမှုများမရှိတော့ပါဟု ခံစားရပုံကို အမည်မသိစာဆိုရေးဖွဲ့သော သစ်ခွပန်းအိင်ချင်းတွင်

"သစ်ခွငယ်မှ ပန်းတင်၊

ရေမလောင်းလို့ ပေါင်းမသင်သည်၊

မရှင်သာဘူးမှတ်တော့တယ်" (မောင်မောင်တင်၊ ၁၉၆၅၊ စာ ၈)

ဟုရေးဖွဲ့ထားပါသည်။ ဤကဗျာတွင် ချစ်သူမောင်အပေါ်ထားရှိသော မိန်းမပျိုလေး၏ ရင်တွင်းခံစားချက်ပုံရိပ်ကို ပေါ်လွင်စေပါသည်။

ညောင်ရမ်းခေတ်တွင် မိန်းမပျိုလေးသည် ချစ်သူမောင်စစ်ထွက်သွားသောအခါ အဝေးမှနေ၍ လည်ပင်းညောင်းအောင် မျှော်ရရှာပါသည်။ မောင့်အပေါ်လွမ်းသည့်စိတ်ဖြင့် ညိုးငယ်နေရသော်လည်း အိမ်မှနေ၍ မောင်ပြန်လာစေကြောင်းကို ညောင်ရေသွန်းလောင်းပြီး ဆုတောင်းနေမိပုံကို အမည်မသိရေးစာဆိုရေးဖွဲ့သော နှမလေးဝေးကမျှော်အိုငချင်းတွင်

"နှမလေးဝေးကမျှော်သည်၊

ငယ်ဘော်ပေါင်းငဲ့၊လည်ညောင်းငဲ့"ဟူ၍လည်းကောင်း

"တညိုးငယ်မှခွေခွေ၊အလွမ်းရှိန်နှင့်၊ မယ်အိမ်နေသည်၊

ညောင်ရေလောင်းငဲ့၊ ဆုတောင်းငဲ့" ဟူ၍လည်းကောင်း

ရေးဖွဲ့ထားပါသည်။ (မြမြသန်း၊ ၁၉၈၄၊ စာ ၃)

ဤသို့ညောင်ရမ်းခေတ်တွင်တွေ့ရသော အိုင်ချင်းကဗျာများမှ မိန်းမပျိုလေးတို့၏ချစ်သူမောင်အပေါ်ထားရှိသောချစ်ခင်ကြင်နာမှု၊ အချစ်အလွမ်းခံစားမှုဘဝပုံရိပ်များကို ပေါ်လွင်အောင်ရေးဖွဲ့နိုင်စွမ်းရှိသည်ဟုဆိုနိုင်ပါသည်။

**ပျော်မှုရွှင်မှု**

ကျေးလက်နေပြည်သူတို့၏ ပျော်ရွှင်ကြည်နူးမှု၊ မျှော်လင့်မှုတို့ကို ဖုံကြီးသံကဗျာများတွင် တွေ့ရပါသည်။ ကျေးလက်နေပြည်သူတို့၏ ဘဝကိုဖော်ကျူးသည့် ဖုံကြီးသံကဗျာများတွင် ကောက်စိုက်သမလေးများသည် ပင်ပန်းဆင်းရဲစွာ ရုန်းကန်လှုပ်ရှားရသော်လည်း မိမိတို့၏ဘဝကို ပျော်ရွှင်စွာနေတတ်ကြသည့်အမှုအရာလေးများကိုတွေ့နိုင်ပါသည်။မိမိတို့၏ဆင်းရဲလှသော၊နုံချာလှသောဘဝကိုမေ့ပျောက်ကြစေရန် ပျော်ရွှင်ကြည်နူးမှုဖြစ်စေသော ဖုံကြီးသံကဗျာများဖြင့် အမောပြေခဲ့ကြပါသည်။

မြန်မာကျေးတောနေတို့၏ ကဗျာများတွင် ဖုံကြီးသံဟူသည်

> ကောက်စိုက်လယ်လုပ်သူတို့၏ ကောက်စိုက်ရင်း၊ပျိုးနုတ်ရင်းသီဆိုသော ကဗျာများဖြစ်၍ ကောက်စိုက်မကဗျာများဟုလည်း ဆိုနိုင်ပါသည်။ ဖုံကြီးသံကဗျာများသည် အတီးအမှုတ်နှင့် သီဆိုကြသောကြောင့် သီချင်း ဟူ၍လည်းခေါ်ကြသည်။ (မြသန်းတင့်၊ ၁၉၇၅၊ စာ ၁၇–၁၈)

ဟုဖော်ပြထားပါသည်။

ကောက်စိုက်သမလေးများ လယ်ပိတ်ပြီဆိုလျှင် ဖုံကြီးတီး၍ ကာလသားလုလင်ပျိုများ ရောက်လာကြပါသည်။ထိုအခါဖုံကြီးသံကလေပြေလိုမွှ၍ပါလာပါသည်။ ကောက်စိုက်သမလေးများကိုလာကြိုမှန်းငန်းဦးကသိသည်။ ထို့ကြောင့်ငန်းဦးက ဆိုလိုက်ပုံမှာအမည်မသိစာဆိုရေးဖွဲ့သော ရွှေဘိုဖုံကြီးသံတွင်

> “မောင့်ဖုံသံ အစာကောင်းလို့၊
>
> မောင်းသံလိုဟီ၊ ချစ်ကြိုးသီတဲ့၊
>
> ပင်ကိုယ်လှရည်၊ မင်းကြွခဲ့ဦး”

ဟုတိုင်လိုက်ပါသည်။ ထိုအခါအခြားကောက်ငန်းကမူ

> “ဖုံပွဲကိုတဲ့ရှုလို့ပါ၊ကိုက်ဗျာဆံရှည်ပါလှတယ်၊သားများ
> မေလား။သားများမအေတကယ်လေ၊ဖုံတော်သားရပ့်ါမလား” (မောင်မောင်တင်၊၁၉၆၅၊စာ ၁၆)

ဟူ၍ဆံရှည်ကိုယ်တော်သို့ သားသည်အမေလားဟု လှမ်းနောက်လိုက်ပါသည်။ ကလေးအမေနှင့်နှိုင်းလိုက်ပါသည်။ သူတို့ကိုစရဲပ့်ါမလားဟု ကျီစယ်လိုက်ခြင်းပင်ဖြစ်ပါသည်။

ဖုံကြီးသံကာလသား ကျီစယ်သည်ကို ကောက်စိုက်သမလေးများက အားကျမခံပြန်လည်ချေပပြောဆိုပုံမှာ

> “ချစ်ပါတဲ့ကြိုက်ပါ၊ လူပျိုတွေလယ်ကန်သင်းက၊
>
> ပျင်းနေ့တိုင်းလာ။မချစ်သာလို့ နေပါသေးတယ်၊
>
> နှမလေးကိုယ်မအားတယ်၊ရဲစားနှင့်လေး” (မောင်မောင်တင်၊၁၉၆၅၊စာ ၁၆)

ဟူ၍ရေးဖွဲ့ထားပါသည်။ဤသို့ကောက်စိုက်သမလေးများနှင့် ကာလသားလုလင်ပျိုတို့၏ အပြန်အလှန်ချေပပြောဆိုပုံများသည် နှစ်သက်ဖွယ်ကောင်းသော ပျော်ရွှင်စရာလူမှုဘဝပုံရိပ်များပေါ်လွင်လျက်ရှိပါသည်။

ကျေးလက်သရော်စာ ကဗျာများတွင် ကျေးလက်နေကောက်စိုက်သမလေးများက လုလင်ပျိုများကို အပြန်အလှန်စောင်းမြောင်းပြောဆိုကြသည့် ပျော်ရွှင်ဖွယ်ရာ အမှုအရာများလည်း တွေ့နိုင်ပါသည်။ ကျေးလက်နေသူတို့၏မဲ့ဟန်၊ ရွဲ့ဟန်၊ ငြူစူစောင်းမြောင်းဟန်၊ အချင်းချင်းကျီစယ်နောက်ပြောင်ဟန်တို့ကိုလည်း တွေ့ရပါသည်။ အခ‌င်းချင်းနောက်ပြောင်၍ ကျေးလက်နေလုလင်ပျိုတို့ကိုစောင်းမြောင်း ပုံမှာ၊ အမည်မသိစာဆိုရေးဖွဲ့သော ရွှေဘိုဖုံကြီးသံတွင်

> “ဟိုကန်သင်းကလူကိုအေ၊ ညီးယူမလားဟေ၊

ယူချင်ပေါင်အေ၊ အသားသပြေရောင်နဲ့

ခွေးဟောင်လှသေး၊ဟဲ့ခွေး”(မြသန်းတင့်၊၁၉၇၅၊စာ ၁၃၅)

ဟူ၍ ကောက်စိုက်မအချင်းချင်း နောက်ပြောင် ကျီစယ်လိုက်ပါသည်။ ကောက်စိုက်သမလေးများ ကောက်စိုက်နေကြသည့် လယ်ကန်သင်းရိုးတွင် လုလင်ပျိုတို့ကလာရောက်၍ တရစ်ဝဲဝဲလုပ်နေကြပါသည်။ လုလင်ပျိုတို့ထဲတွင် အသားနက်မှောင်နေသူပါလာသည်။ သပြေသီးမှည့်ရောင်ပေါက်နေသည်။ ကောက်စိုက်သမလေးက သူ့အဖော်အားယူမည်လားဟုမေးလိုက်သည်။ ထိုအခါအဖော်ဖြစ်သူ ကောက်စိုက်သမလေးက သပြေသီးမှည့်ရောင်ပေါက်နေသူကိုမယူချင်။ သူ့ကိုယူကခွေးဟောင်ခံရမည်။ ဤမျှမက လုလင်ပျိုကို “ဟဲ့ခွေး” ဟု စောင်းမြောင်းလိုက်ခြင်းသည် ကောက်စိုက်သမလေးတို့၏ ပျော်ရွှင်စွာနေတတ်သည့် လူမှုဘဝပုံရိပ်ကို မြင်ယောင်လာစေပါသည်။

မြန်မာ့လယ်ယာလုပ်ငန်းတွင် အရေးပါလှသည့် ကောက်စိုက်သမများ၏ ကျေးလက်ပုံကြီးသံကဗျာများသည် ကျေးလက်နေတို့၏ ဘဝအခြေအနေ၊ မိမိဘဝကိုရောင့်ရဲတင်းတိမ်စွာ ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်ကြသည့် အမူအရာလေးများကို ဖော်ညွှန်းလျက်ရှိပါသည်။ ကျေးလက်နေပြည်သူတို့၏ စောင်းမြောင်းသံ၊ သရော်သံများကို ဖော်ညွှန်းသည့် ပုံကြီးသံကဗျာများတွင် ကျေးလက်၏ရနံ့များ မွှမ်းထုလျက်ရှိသည်ဟု ဆိုနိုင်ပါသည်။

**နေထိုင်စားသောက်မှု**

ကျေးလက်နေပြည်သူတို့၏ နေထိုင်စားသောက်မှု ပုံရိပ်များကို “လွမ်းချင်း” ကဗျာများတွင်တွေ့ရပါသည်။ ကျေးလက်နေပြည်သူတို့၏ နေထိုင်စားသောက်ပုံ၊ ဖော်ရွေပျူငှာပုံ၊ ရိုးသားဖြူစင်ပုံတို့ကို သဘာဝကျကျရေးဖွဲ့ထားခြင်းဖြစ်သည်ကိုတွေ့ရမည်ဖြစ်ပါသည်။“လွမ်းချင်း”သည် ကြည်နူးလွမ်းဆွတ်ဖွယ်ရာများကို ဖွဲ့ဆိုထားသောကဗျာဖြစ်ပါသည်။

ကဗျာစွယ်စုံကျမ်းကြီးတွင် လွမ်းချင်းဟူသည်

လွမ်းဆွတ်ကြည်နူးဖွယ်ကောင်းသော၊ထင်ရှားရှိသောအကြောင်းအရာတို့ကို
ဖွဲ့နွဲ့သီကုံးထားသောသီချင်း (ထွန်းရွှေ၊ ၁၉၅၅၊ စာ ၃၃၀)

ဟုဖင့်ဆိုပြထားပါသည်။

မြန်မာကျေးလက်ကဗျာဖြစ်သော လွမ်းချင်းကဗျာတွင် ကျေးလက်နေပြည်သူတို့၏ နေထိုင်စားသောက်မှုဘဝပုံရိပ်များကို အထင်အရှားတွေ့နိုင်ပါသည်။ လွမ်းချင်းကဗျာများတွင် တွေ့ရသော ကျေးလက်နေပြည်သူတို့၏ အိမ်များသည်အညာဒေသဖြစ်သောကြောင့် ခမ်းနားထည်ဝါဖို့ထက် အပူသကသာအောင် ဆောက်လုပ်နေထိုင်ကြပါသည်။ ကျေးလက်နေပြည်သူတို့သည် မိမိတို့ ပတ်ဝန်းကျင်တွင်ရှိသော ဝါး၊ သက်ကယ်၊ ထန်းရွက်တို့ဖြင့် အဆင်ပြေအောင် ဆောက်လုပ်ကြပါသည်။ ဤကဲ့သို့ အညာကျေးလက်နေသူတို့၏ နေထိုင်စရာအိမ်အတွက် ဆောက်လုပ်ကြပုံကိုဦးကြီး၏ မောင်ကြီးတို့ ပျော်စံရာလွမ်းချင်းတွင်

“မပူချမ်းငြိမ်၊ အခြင်ရယ်မြေနီး၊

ထန်းရွက်ကယ်စီးပါတဲ့၊မောင်ကြီးအိမ်မှာ”(ဇမောင်၊၁၉၅၅၊စာ၁၁၀)

ဟူ၍လည်းကောင်း

အမည်မသိစာဆိုရေးဖွဲ့သော ထန်းသမားဆိုလွမ်းချင်းတွင်

“သက်ကယ်မိုးပါလို့၊ ကျူရိုးတဲ့ထရံကာ၊

ဒလဟာဝယ်ဗလာချာ၊ ခေါင်မချုပ်ပါကလော့၊

စောင်စုတ်ကိုတစ်လွှာခြုလို့၊အရဏ်တက်လုဆဲကိုလေး” (မောင်မောင်တင်၊ ၁၉၆၅၊စာ ၄၀)

ဟူ၍လည်းကောင်းရေးဖွဲ့ထားပါသည်။

ဤလွမ်းချင်းကဗျာများတွင် အညာကျေးလက်နေသူတို့သည် မိမိတို့နေထိုင်စရာအိမ် အတွက် အပူသက်သာအောင် ဆောက်လုပ်ကြသည်ကိုတွေ့ရပါသည်။ အိမ်ခေါင်မိုးမှအခြင်ကို မြေကြီးနှင့် နီးအောင် အောက်သို့ချထားပါသည်။ ထန်းရွက်ကိုအမိုးအဖြစ်မိုးထားပါသည်။ တချို့အိမ်များက ထန်းရွက်မမိုးဘဲ သက်ကယ်မိုးကြပါသည်။ ဘေးမှအကာအဖြစ်ကျူရိုးများကို ရက်၍ကာကြသည်။ လေဟာပြင်ကွင်းပြင်ကြီးတွင် အိမ်အမိုးမှအခေါင်ကိုလည်း မချုပ်ဘဲထားရသဖြင့် အရဏ်တက်ချိန်သို့ ရောက်သောအခါ အေးလာသောကြောင့် စောင်ထူထူကိုမခြုံနိုင်ဘဲ စောင်ပါးတစ်လွှာကိုသာ ခြုံ၍အိပ်ရသည်။ထိုသို့နေထိုင်ရသော်လည်း အားငယ်မနေဘဲ ရောင့်ရဲတင်းတိမ်စွာ ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်ကြသည့် လူမှုဘဝပုံရိပ်များကို လွမ်းချင်းကဗျာများတွင် တွေ့နိုင်ပါသည်။

ထို့ပြင်စားသောက်ရာတွင် ဆန်ကိုပြောင်းနှင့်သာမက ပဲနောက်ရောပြီး သုံးလွန်းတင်ထမင်းဟု တင်စားကာ ရောနှောချက်ကြသည်။ ဆန်တွင်ပါသော အချိုဓာတ်သာမက ပဲနှင့်ပြောင်း တွင်ပါသော အာဟာရပါရကြသဖြင့် ပို၍အားရှိသည်ယူဆကြသည်။ အကုန်အကျလည်းသက်သာ အာဟာရလည်း ဖြစ်သည့်အနေဖြင့် စားသုံးကြပုံကို ဦးကြီး၏တောလေ့လွမ်းချင်းတွင်

“ပဲနောက်နှင့်ပြောင်းဆန်၊ ကောက်သားငယ်ရုံ၊

ဝေဖန်နှောရှက်၊ ရောကာချက်လို့၊

ပြောဖက်ကယ်မမြင်၊ သြဇာပွမ်းတဲ့၊

သုံးလွန်းတင်ကို” (ဖိုးလတ်၊ ၁၉၅၁၊ စာ ၁၂၄)

ဟူ၍ရေးဖွဲ့ထားရာ အညာဒေသရှိ ကျေးလက်နေပြည်သူတို့၏ စားသောက်မှု လူမှုဘဝပုံရိပ်ကိုလည်း ပေါ်လွင်အောင် ဖော်ကျူးထားသည်ဟု ဆိုနိုင်ပါသည်၊

သို့ဖြစ်၍ လွမ်းချင်းကဗျာများသည် ကျေးလက်နေပြည်သူတို့၏ ဘဝနှင့်လျော်ညီသောနေထိုင် စားသောက်မှု လူမှုဘဝပုံရိပ်များကို အထင်အရှားပြသနိုင်ကြောင်း တွေ့ရပါသည်။

## စီးပွားကုန်သွယ်ရောင်းဝယ်မှု

ကျေးလက်နေပြည်သူတို့၏လုပ်ငန်းလုပ်ကိုင်မှု၊သွားလာမှု၊ ကုန်သွယ်မှုတို့မှ တစ်ဆင့် စီးပွားကုန်သွယ် ရောင်းဝယ်မှုအခြေအနေတို့ကို “တျာချင်း” ကဗျာများတွင် တွေ့နိုင်ပါသည်။

တျာချင်း၏အဓိပ္ပာယ်ကို ကဝိဘာရတီကျမ်းတွင်

> တျာဟူသောမြန်မာစကားသည် ချိုမြသာယာပျူငှာသိမ်မွေ့စွာဖွဲ့ဆိုအပ်သော ကဗျာကိုဟော၏။ ထို့ကြောင့် ထိုလက္ခဏာနှင့်ပြည့်စုံသော ကဗ္ဗာကိုပင် တျာချင်း ဟုအမည်မှည့်ကြသည်။ (ကျော်ရင်၊ ၁၉၄၁၊ စာ ၄၉၄)

ဟုဖွင့်ဆိုထားပါသည်။

ဆင်းရဲသားလယ်သမားတို့၏အကြောင်းကို ဖွဲ့ဆိုသောတျာချင်းတွင် လယ်သမားမိသားစုတို့သည် ဆင်းရဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားကြရပါသည်။ မိုးကျသည်နှင့်တစ်ပြိုင်နက် သားမယား သားသမီးတို့နှင့်အတူ လယ်ထဲသို့ဆင်းရပါသည်။ ဆင်းရဲလွန်း၍ ပုဆိုး၊ အင်္ကျီတို့မှာလည်း ဆုတ်ပြဲနေပါသည်။ လူမှုဘဝဆင်းရဲကျပ်တည်းသော်လည်း ရိုးသားစွာစီးပွားရှာနေသော လယ်သမားတို့၏ ဘဝပုံရိပ်ကို မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒုတိယတွဲတွင် စာဆိုဝန်ကြီးပဒေသရာဇာ ရေးဖွဲ့ထားသော လယ်သမားဘွဲ့တျာချင်း၌

"ဝသန်ကာလ၊ မိုးကျတည့်လျှင်၊

ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေငယ်လင်၊

လက်တွဲငယ်ခြေငင်၊ ကိုယ်တွင်အဝတ်၊

ပုဆိုးအင်္ကျီဆုတ်ပြဲပြီ၊ချည်နီဗောင်းတွတ်တွတ်ကယ်နှင့်လေး"

(မြင့်ကြည်၊ ၁၉၉၂၊ စာ ၂)

ဟူ၍ဖွင့်ဆိုထားရာ လယ်သမားမိသားစုတို့၏ ဆင်းရဲသောလူမှုဘဝပုံရိပ်များ ပေါ်လွင်လျက်ရှိပါသည်။

တောင်ပိုင်တက်ဘွဲ့တျာချင်းတွင် နွားဝန်တင်သမားတို့၏ စီးပွားကုန်သွယ် ရောင်းဝယ်မှုကို တွေ့ရပါသည်။ နွားဝန်တင်သမားများသည် ဆောင်းဦးစတွင် ရှမ်းပြည်တောင်တန်းများပေါ်သို့ တောင်တက်ရန်ပြင်ဆင်ကြရသည်။ တောင်ပိုင်တက်ရာတွင် အုပ်စုလိုက်ညီညီညာညာ ရှေ့နောက်နှီးဆော်၍သွားကြသည်။ ကုန်ပစ္စည်းဖလှယ်ရာ၌ ပလောင်လူမျိုးတို့ ကြိုက်နှစ်သက်သည့် ကြေးဝါ ဆေးအိုးကြီးများ၊ ကျွဲမြီးဆေးတံ၊ ခုနစ်တောင်ပုတီး၊ လက်စွပ်၊ လက်ကောက်တို့ကို လက်ဖက်နှင့် လဲလှယ်ရအောင် ယူဆောင်လာကြသည်။ နွားဝန်တင်သမားများသည် နွားများကို စခန်းချရာနေရာတွင် လွှတ်ကျောင်း၍ စားသောက်ရန်ချက်ပြုတ်ရသည်။ အင်းဝစခန်းမှ နွားဝန်တင်သမားများသည် ရှမ်းပြည်သို့တက်ပြီး ကုန်သွယ်ကြရသည်။ ထိုသို့ကုန်သွယ်ရာတွင် ငွေကြေးနှင့်ရောင်းဝယ်သည့် အပြင် ကုန်ပစ္စည်းချင်းဖလှယ်၍ ရောင်းဝယ်ခဲ့ကြပုံကို တောင်ပိုင်တက်ဘွဲ့တျာချင်းတွင်

"ဆေးတံကျွဲမြီး၊ ပုတီးခုနစ်တောင်၊

လက်စွပ်လက်ကောက်၊ ချက်ကျောက်တပြောင်ပြောင်၊

လက်ဖက်ရအောင်ရည်စောင်ဝယ်မှ" (မြင့်ကြည်၊၁၉၉၂၊စာ ၁၇၇)

ဟူ၍ရေးဖွဲ့ထားရာ နွားဝန်တင်သမားတို့ စီးပွားကုန်သွယ်ရာတွင် ကုန်ပစ္စည်းဖလှယ်၍ ရောင်းဝယ် ကြပုံ လူမှုဘဝပုံရိပ်များကို ပေါ်လွင်စေပါသည်။

သို့ဖြစ်၍ တျာချင်းကဗျာများသည် စီးပွားရေးအတွက် ရုန်းကန်လှုပ်ရှားရသည့် လယ်သမား မိသားစု၏ ဆင်းရဲကျပ်တည်းပုံ၊ နွားဝန်တင်သမားတို့၏ပင်ပန်းဆင်းရဲစွာ ကြိုးစားရပုံစသည့် လူမှုဘဝ ပုံရပ်များကို ညွှန်းဆိုလျက်ရှိပါသည်။

## ခြုံငုံသုံးသပ်ချက်

ကျေးလက်နေပြည်သူတို့၏ ဘဝသည်ပင်ပန်းဆင်းရဲစွာ ရုနးကန်လှုပ်ရှားကြရပါသည်။ ရုန်းကန်လှုပ်ရှားရင်း လောကီလူသားများပီပီ ချစ်တတ်၊ လွမ်းတတ်ကြပါသည်။ ဤသို့ချစ်တတ် လွမ်းတတ်ကြပုံများကို ညောင်ရမ်းခေတ်အိုင်ချင်းကဗျာမားတွင် တွေ့ရပါသည်။ မြန်မာ့လယ်ယာ လုပ်ငန်းတွင်အရေးပါလှသည့် ကျေးလက်ဖုံကြီးသံကဗျာများတွင် ကောက်စိုက်မလေးများသည် မိမိတို့ ဘဝကိုပေးလာသောအခြေအနေမှာ ရောင့်ရဲတင်းတိမ်စွာပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်ကြသည့် အမူအရာ လေးများကိုလည်း အတုယူဖွယ်တွေ့ရပါသည်။ လွမ်းချင်းကဗျာများတွင် ကျေးလက်နေပြည်သူတို့ သည် မိမိတို့ဘဝနှင့်လျော်ညီစွာ နေထိုင်စားသောက်တတ်ကြပါသည်။ နေထိုင်စားသောက်ရာတွင် ပကာသနမပါ သဘာဝသက်သက်နှင ရိုးသားဖြူစင်စွာ လုပ်ကိုင်စားသောက်ကြသည့် စိတ်ထားအလှ များကိုလေးစားဖွယ်တွေ့မြင်နိုင်ပါသည်။ တျာချင်းကဗျာများတွင်တွေ့ရသော လယ်သမား၊ နွားဝန်တင် သမားတို့သည် ပင်ပန်းဆင်းရဲစွာစီးပွားရှာကြရသော်လည်း ဘဝအားမာန်အပြည့်နှင့် ရုန်းကန်လှုပ်ရှား ကြရသည့် လူမှုဘဝပုံရပ်များသည ချစ်ခင်မြတ်နိုးဖွယ်ကောင်းလှပါသည်။

## နိဂုံး

စာပေသည် ခေတ်၏ကြေးမုံ၊ ခေတ်၏အရိပ်ဟုဆို၍ရပါသည်။ ဤမြန်မာကျေးလက်ကဗျာများသည် ကျေးလက်နေပြည်သူတို့၏ လူမှုဘဝပုံရိပ်များကို ဖော်ညွှန်းဖွဲ့ဆိုထားခြင်းဖြစ်ပါသည်။ ကျေးလက်နေပြည်သူတို့သည် ရိုးသားကြသည်။ ကြိုးစားကြသည်။ ဖြူစင်ကြသည်။ ရောင့်ရဲတင်းတိမ်နိုင်ကြသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူတို့၏ဘဝသည် အေးချမ်းကြပါသည်။ ဤကျေးလက်ကဗျာများမှ တစ်ဆင့်ကျေးလက်နေ ပြည်သူတို့အား အလေးထားဂရုပြုမိပြီး၊ ချစ်ခင်စာနာစိတ်များ ပေါ်ပေါက်ကာ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဆိုလျှင် ဤသုတေသနပြုရကျိုးနပ်ပါသည်။


## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးပါသော ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသိင်္ဂီရွှေ၊ ဟင်္သာတတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာရီရီသန်း၊ ဟင်္သာတတက္ကသိုလ်နှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာချိုကြည်သန်း၊ ဟင်္သာတတက္ကသိုလ်အား လည်းကောင်း၊ ဟင်္သာတတက္ကသိုလ် သုတေသနဂျာနယ်ဖြစ်မြောက်ရေး အဖွဲ့ဝင်များအားလည်းကောင်း၊ မြန်မာစာဌာန၊ ပါမောက္ခ(ဌာနမှူး)၊ ဆရာမကြီး ဒေါက်တာတင်တင်ရွှေနှင့် ပါမောက္ခဆရာမကြီး ဒေါက်တာဥမ္မာမြင့်အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။


## ကျမ်းကိုးစာရင်း


ကုမာရ၊အရှင်။(၁၉၇၇)။ *ကဗျာ့အုတ်မြစ်စနစ်သစ်ကျမ်း*။ ရန်ကုန်၊ ဗမာ့ရှေ့ဆောင်စာပေ။

ကျော်ရင်၊ဦး(ပုပ္ပါး)။(၁၉၅၉)။ *ကဝိဘာရတီကျမ်း၊ ပထမတွဲ*၊တတိယအကြိမ်။ ရန်ကုန်၊ ပဒေသာပိဋကတ်ပုံနှိပ်တိုက်။

တိုက်စိုးနှင့်မင်းယုဝေ။ (၂၀၀၅)။ *မြန်မာစာမိတ်ဖွဲ့*။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ထွန်းရွှေ၊ ဦး။ (၁၉၅၅)။ *ကဗျာစွယ်စုံကျမ်းကြီး*။ ရန်ကုန်၊ ပညာအလင်းပြပုံနှိပ်တိုက်။

ဖိုးလတ်၊ ဦး။ (၁၉၅၁)။ *သီချင်းပဒေသာ*။ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်။

မောင်မောင်တင်၊ဦး(မဟာဝိဇ္ဇာ)။ (၁၉၅၅)။ *လေ့ဘာသာတေးကဗျာများ*။ ရန်ကုန်၊ မြမြဝင်းပုံနှိပ်တိုက်

မြမြသန်း၊ ဒေါ်(တည်းဖြတ်သူ)။ (၁၉၈၄)။ *အင်ချင်းစ*။ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြသန်းတင့်။ (၁၉၇၅)။ *မြန်မာကျေးတောနေတို့၏ကဗျာများ*။ ရန်ကုန်၊ မြမြဝင်းပုံနှိပ်တိုက်။

မြင့်ကြည်၊ဦး(တည်းဖြတ်သူ)။(၁၉၉၂)။*မြန်မာစာညွှန့်ပေါင်းကျမ်း၊ဒုတိယတွဲ*၊ဒုတိယအကြိမ်။ ရန်ကုန်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့်ဂါဒီယန်သတင်းစာတိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ *မြန်မာအဘိဓာန်*။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဇမောင်၊ ဦး (ပါမောက္ခ-)။ (၁၉၅၅)။ *ကဗျာ့ပန်းကုံး*။ ရန်ကုန်၊မြန်မာ့ယူနီယန်စာပုံနှိပ်တိုက်။